
# တရားယောဂီ

နှင့်

# သက္ကာယဒိဋ္ဌိ

# (၂၀)

(တရား စခန်းဝင် ယောဂီ သီးသန့်)



အချိန်တိုင်း တွေးနေရင်း ဘဝပြောင်းနေသည်။

ပိုင်းလော့ဆရာတော်

# အရှင်ဇေယျာပဏ္ဍိတ

မိုးညှင်းသိင်္ဂီကျောင်းတိုက်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

**နိဒါန်း**

(က) သက္ကာယဒိဋ္ဌိ တန်းလန်းနဲ့ တရားရှုရင်
သေအောင်ရှု မဂ်မပေါ်နိုင်ဘူး။
(မိုးကုတ်ဆရာတော်ကြီး)

(ခ) နာမရူပ ပရိစ္ဆေဒဉာဏ်လောက်မှ မရရင်
ဝိပဿနာဉာဏ် မဖြစ်နိုင်ပါဘူး။
(မဟာစည်ဆရာတော်ကြီး)

(ဂ) ဆရာတော်ကြီးများရဲ့ဆုံးမပုံကိုထောက်ရှု၍ အရှုခံ (ရုပ် + နာမ်) ခန္ဓာငါးပါး အပေါ်မှာ အမှန်အတိုင်းသိမြင်မှ သက္ကာယဒိဋ္ဌိ ကွာ လို့ ဝိပဿနာ မဂ်ဉာဏ်ပေါ်ပါလိမ့်မယ်။

(ဃ) သက္ကာယဒိဋ္ဌိကိုပါယ်ရာတွင် -
ပထမ - ဉာတ ပရိညာနှင့် ပါယ်ခြင်း (အသိ)
ဒုတိယ - တီရဏ ပရိညာနှင့် ပါယ်ခြင်း (အပွား)
တတိယ - ပဟာန ပရိညာနှင့် ပါယ်ခြင်း (အပါယ်)

(င) သုံးဆင့်ရှိကြောင်း မိုးကုတ်ဆရာတော်ကြီးက ဘုရားဟောအတိုင်း ဟောပြော ဆုံးမတော်မူ ခဲ့ပါတယ်။

(စ) (ရုပ် + နာမ်) ခန္ဓာငါးပါး ကိုပိုင်းခြား သိမြင်သူဟာ သစ္စာလေးပါး ကိုသိသူပါပဲ၊ ဆရာအကူအညီမရှိဘဲ ပိုင်းခြားသိမြင်လျှင်တော့ "သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားနှင့် ပစ္စေကဗုဒ္ဓါ" တစ်ဦးဦးသာဖြစ်ပါလိမ့်မယ်။
ဘုရားသာသနာတော်တွင်းမှာ ပစ္စေကဗုဒ္ဓါ မပေါ်ကောင်းပါ။

(ဆ) ဘုရားအဆုံးအမကို ဆရာအဆက်ဆက် နည်းခံနလုံးသွင်းပါမှ (ရုပ် + နာမ်) ခန္ဓာငါးပါးကို သဘောပေါက် သိမြင်နားလည် ပါလိမ့်မည်။ ဤအဆင့်ကို (ဉာတပရိညာ) လို့ ခေါ်ပါတယ်။

(ဇ) အရှခံ (ရုပ်+ နာမ်) ခန္ဓာငါးပါး အပေါ်မှာ ဘုရားရှင် ဟောတော်မူသည့် အတိုင်း အမှန်သိမြင် နားလည်သဘောပေါက်တော့မှ ဝိပဿနာဉာဏ်ပေါ်ပါလိမ့်မည်၊ ရှုတတ်ပါ လိမ့်မည်။

လက်တွေ့ (ဉာဏ်တွေ့) တိုက်ရိုက် ရှုမှတ်လေ့ကျင့် နိုင်ပါပြီ။ ဤအဆင့်ကို (တိရဏပရိညာ) လို့ ခေါ်ပါတယ်။

(ဈ) ကျင့်သားတက်လာပြီး လျင်မြန်စွာဖြစ်ပေါ်ချုပ် ပျောက်လျက်ရှိသည့်(ရုပ် + နာမ်) ခန္ဓာငါးပါး ၌ အမြင် မမှားတော့ဘဲ အရှိကိုအရှိအတိုင်း (ဘူတံဘူတတော ပဿတိ)သိမြင်တော့မှ ဝိပဿနာမဂ်မှ လောကုတ္တရာ မဂ်ဉာဏ်ဝင်လို့ သဏ္ဍာယဒိဋ္ဌိကို ရှင်းရှင်း ပြတ်ပြတ် ပါယ်နိုင်ပါလိမ့်မယ်။

(ည) ဤကျမ်းစာမှာ ပထမအဆင့် (ဉာတပရိညာ)အဖြစ်ယောဂီတို့အား အထောက် အပံ့ ရနိုင်ပါစေ ရန်သဏ္ဍာယဒိဋ္ဌိ (၂၀)အကြောင်းရေးသားအပ်ပါသည်။

(ဋ) အခြေခံ နာမရူပပရိစ္ဆေဒဉာဏ်လို့ဘဲခေါ်ခေါ်

ဉာတပရိညာလို့ပဲ ခေါ်ခေါ်

အရှခံ (ရုပ်+နာမ်) ခန္ဓာငါးပါး ကို ဘုရားအဆုံးအမ အတိုင်း သိမြင်နားလည် သဘော မပေါက်ပါက မည်သို့သော ပုဂ္ဂိုလ်မျိုးမှ ဝိပဿနာ လမ်းကြောင်း ပေါ်ရောက် နိုင်မှာမဟုတ်ပါဘူး။

ဒါကြောင့် မိမိတို့ရှုမှတ်ရမည့် အရှခံ (ရုပ် + နာမ်) ခန္ဓာငါးပါး အကြောင်းကို အထူးအလေးထားပြီး လေ့လာ တော်မူကြပါရန် တိုက်တွန်းအပ်ပါသည်။

**အရှင်ဒေဝပဏ္ဍိတ**

**ပဓာန နာယက ဆရာတော်**

ရန်ကုန်တိုင်း ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်

အမှတ် (၁၆) ရပ်ကွက်၊ မိုးညှင်းသိဂီကျောင်းတိုက်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## မာတိကာ

အခန်း (၁)

(က) "သက္ကာယဒိဋ္ဌိ" ဆိုသော သဘော အသမုတ်ခံ၏ အဖြေ

(ခ) "ခန္ဓာငါးပါး" ဆိုသော သဘော အသမုတ်ခံ၏ အဖြေ

(ဂ) "သက္ကာယ" နှင့် "ခန္ဓာငါးပါး" တူမတူ အဖြေ

အခန်း (၂)

မျက်မြင်အထည်ခန္ဓာနှင့် ဉာဏ်မြင်သဘော ခန္ဓာ ရှင်းတမ်း၊

အခန်း (၃)

သက္ကာယဒိဋ္ဌိ နှစ်ဆယ် ရှင်းတမ်း

သက္ကာယဒိဋ္ဌိ ဖြစ်ပေါ်ရာ ဌာနနှင့် ဖြစ်ပေါ်ချိန်

ရှေ့ကဖြစ်ပျက် နောက်ကမင်

## တရားယောဂီ နှင့် သက္ကာယဒိဋ္ဌိ (၂၀)

(က) "သက္ကာယဒိဋ္ဌိ" ဆိုတာ ဘယ်သဘော သမုတ်ထားပါသလဲ?

(ခ) "ခန္ဓာငါးပါး" ဆိုတာဘယ်သဘော သမုတ်ထားပါသလဲ?

(ဂ) "သက္ကာယ" နှင့် "ခန္ဓာငါးပါး" တူပါသလား?

(က)အဖြေ

သက္ကာယဆိုတာ ပါဠိစကားဖြစ်ပါတယ်။
မြန်မာလို သက္ကာယ = ထင်ရှားရှိသော သဘော လို့
အဘိဓာန်ကျမ်းမှာ ပြန်ဆိုပေးထားတာ တွေ့ရပါတယ်။
ဘုရား၊ ပစ္စေကာ - ရဟန္တာများတွင်လည်း သက္ကာယ ရှိပါတယ်တဲ့။ လူနတ်စသည့် သက်ရှိသတ္တဝါမှန်လျှင် အသညသတ် ဗြဟ္မာများမှလွဲ၍ သက္ကာယ ဆိုတဲ့သဘော ရှိနေကြပါတယ်တဲ့။

(ခ) အဖြေ

ခန္ဓာငါးပါး ဆိုတာကလည်း ပါဠိစကားဖြစ်ပါတယ်။

ခန္ဓာ = အစု
ငါးပါး = ငါးခုသောသဘော
} ငါးပါးသောအစု

၁ - ရုပ် } ရုပ်အစု
၂ - ဝေဒနာ
၃ - သညာ
၄ - သင်္ခါရ
၅ - ဝိညာဏ်
} နာမ်အစု
} ရုပ်နာမ်အစု = ခန္ဓာငါးပါး

ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် ဆိုတဲ့ သဘောငါးခု ပေါင်းစုမှုကို မြတ်စွာဘုရားက ခန္ဓာငါးပါး လို့မိန့်တော်မူခဲ့တာ ဖြစ်ကြောင်း နားလည်တော်မူကြပါ။

(၁) ဒါကြောင့် မိုးကုတ်ဆရာတော်ကြီးက -

ခင်ဗျားတို့ ဝိပဿနာရှုပါ ရှုပါလို့ ပြောနေတာ -

"အမေအဖေမွေးတဲ့ အချိန်တစ်ဆယ် ဆယ့်ငါးလေးတဲ့ ခန္ဓာကို ရှုခိုင်းတာ မဟုတ်ဘူး

အာရုံ ဒွါရကမွေးတဲ့ခန္ဓာကို ရှုခိုင်းတာဖြစ်တယ်"

လို့ မှတ်သားလောက်အောင် ဘုရားအလိုတော်ကျ မိန့်တော်မူခဲ့ပါတယ်။

(၂) ခန္ဓာငါးပါးဆိုတဲ့ ရုပ်နာမ်အစုဟာ ပင်ကိုယ်အဘောကိုက "ခန္ဓာ" ဆိုတဲ့အတိုင်း ကွဲပြားမနေပါဘူး တစ်စုတစ်ပေါင်းတည်း ဖြစ်ပေါ်လေ့ရှိပါတယ်တဲ့၊

အာရုံနဲ့ဒွါရတိုက်တဲ့ အချိန်မှာမှ တစ်ပေါင်းတည်းဖြစ် တစ်ပေါင်းတည်းချုပ်တဲ့ "သိသဘောသက်သက်" ပါလို့နားလည်သင့်ကြပါတယ်။

ကောင်းကင်၌ လျှပ်စစ်လက်သကဲ့သို့ မမြင်နိုင်သောသဘောတို့ ပေါင်းစု၍ ဖြစ်ပေါ်ခွင့်ရပြီး မမြင်ရာအရပ်သို့ ပျောက်ကွယ်သွားဘိ သကဲ့သို့ဟု မြတ်စွာဘုရားက ဥပမာပေးဆုံးမတော်မူခဲ့ပါတယ်။

(၃) မြတ်စွာဘုရား၏ ဉာဏ်တော်ကြီးမို့သာ ထိုမျှလောက်တိုတောင်းလှသော အချိန်ကာလအတွင်း ပါဝင်ပေါင်းစပ်တဲ့သဘောတွေကို သိမြင်နိုင်ခဲ့တာ ဖြစ်ပါတယ်။ တဖက်သူသဘောပေါက်သိမြင် နားလည်အောင်လည်း အမည်ပညတ်တပ်ပြီး ဟောပြနိုင်ခြင်းပင် ဖြစ်ပါတယ်။

(၄) ဒါကြောင့်မို့ အာရုံနဲ့ဒွါရတိုက်ခွင့်ရတဲ့ သက်ရှိသတ္တဝါ မှန်ရင် (ရုပ် + နာမ်) ခန္ဓာငါးပါး ဖြစ်ရှိနေမှာ မလွဲပါဘူး။

(၅) ထို "အာရုံသိသဘောသက်သက်" ဖြစ်တဲ့ ခန္ဓာငါးပါး ဟာ

(က) မျက်စိအကြည်ဓါတ်မှာ ဖြစ်ပေါ်ခွင့်ရရင် - မြင်သိစိတ်ခန္ဓာငါးပါး

(ခ) နားအကြည်ဓါတ်မှာ ဖြစ်ပေါ်ခွင့်ရရင် - ကြားသိစိတ်ခန္ဓာငါးပါး

(ဂ) နှာခေါင်းအကြည်ဓါတ်မှာ ဖြစ်ပေါ်ခွင့်ရရင် - နံသိစိတ်ခန္ဓာငါးပါး

(ဃ) လျှာအကြည်ဓါတ်မှာ ဖြစ်ပေါ်ခွင့်ရရင် - စားသိစိတ်ခန္ဓာငါးပါး

(င) ကိုယ်အကြည်ဓါတ်မှာ ဖြစ်ပေါ်ခွင့်ရရင် - ထိသိစိတ်ခန္ဓာငါးပါး

(စ) စိတ်(ဘဝင်)အကြည်ဓါတ်မှာဖြစ်ပေါ်ခွင့်ရရင် - ကြံသိစိတ်ခန္ဓာငါးပါး

လို့ ဗုဒ္ဓသာသနာမှာ ပညတ်ဟောကြားပါတယ်။

ထို "သိသဘောသက်သက်" (ရုပ် + နာမ်) ခန္ဓာငါးပါး သဘောဟာ ရုပ်ပေါင်းစု လောင်ခိုက် လျှင်စွာ ဖြစ်ပေါ်ပြီး လျင်စွာပင်ချုပ်ပျောက်ကြပါတယ်လို့ မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါတယ်။

(ဂ) အဖြေ

သက္ကာယ - ဆိုတာကလဲ "ထင်ရှားရှိသောသဘော"

ခန္ဓာငါးပါး - ဆိုတာကလဲ "အာရုံနဲ့ဒွါရတိုက်ချိန်မှာ ရုပ်နာမ်ပေါင်းစု လို့ ထင်ထင်ရှားရှား ဖြစ်ပေါ်လာတဲ့ သိသဘောသက်သက်"

(တနည်း) တကယ့် အရှိသဘောသက်သက် ဖြစ်ပါတယ်။

မြတ်စွာဘုရားရှင်လက်ထက် "ဓမ္မဒိန္န ရဟန္တာ ထေရီ" က " သက္ကာယ ဆိုတာ စွဲလန်းဖွယ် ဖြစ်တဲ့ ခန္ဓာငါးပါးကို ခေါ်ဆိုတာပါပဲ" လို့ ဝိသာခ သူဌေးကို ဖြေဆိုခဲ့ပါတယ်။ ဒီအဖြေကို မြတ်စွာဘုရားရှင် ကိုယ်တော်တိုင်ကလည်း ဝိသာခ သူဌေးအား ထပ်မံပြီး တစ်ထပ်တည်း ဖြေကြားပေးတော်မူခဲ့ပါတယ်။

ဒါကြောင့် တရားယောဂီတို့အနေဖြင့် သက္ကာယ နှင့် ခန္ဓာငါးပါးဟာ "တကယ် ထင်ရှား ရှိသော သဘောသက်သက်" အရှုခံတရားလို့ မှတ်တော်မူကြပါ။

ခန္ဓာငါးပါးသည်ပင် သက္ကာယ၊ သက္ကာယသည်ပင် ခန္ဓာငါးပါး အရှုခံတရား အဖြစ်တစ်ခုတည်းဖြစ်ကြောင်း နားလည်သဘောပေါက်တော်မူကြပါကုန်။

အခက်း (၂)

"မျက်မြင်အထည်ခန္ဓာနှင့် ဉာဏ်မြင်သဘောခန္ဓာ"

(က) အမေအဖေကမွေးတဲ့ ဤကိုယ်ကောင်ကြီးကိုလည်း "ခန္ဓာ" လို့ပဲခေါ်ပါတယ်။

ဆံပင်ကစ၍ ကျင်ကြီးကျင်ငယ်တိုင်အောင်(၃၂) မျိုးသော ကောဋ္ဌာသတွေ ပေါင်းစုနေပြီး မျက်စိနှင့် မြင်ရသောကြောင့် ဤကိုယ်ထည်ကြီးကို "မျက်မြင်အထည်ခန္ဓာ" လို့ ဆရာများခေါ်ဆိုကြပါတယ်။

(ခ)အာရုံနဲ့ဒွါရတိုက်ချိန်မှာ ဖြစ်ခွင့်ရတဲ့ "အာရုံသိသဘောသက်သက်"၌ ပါဝင်တဲ့ ငါးပါးအစု (ရုပ် + နာမ်) ခန္ဓာငါးပါး ကိုတော့ မျက်စိနဲ့မမြင်ရ ဉာဏ်ဦးစီးသော စိတ်ဖြင့်သာ သိမြင်နိုင်တာမို့ "ဉာဏ်မြင်သဘောခန္ဓာ" လို့ ဆရာများဆိုကြပါတယ်။

အခက်း (၃)

"ဝိပဿနာတရားကို ရှုမှတ်တော့မယ်ဆိုရင်
အရှုခံ တရားအပေါ် မှန်မှန်ကန်ကန်သိဘို့
အထူးအရေးကြီးပါတယ်"။ (အမြင်မှန် = သမ္မာဒိဋ္ဌိ)

အရှုခံ (ရုပ်+နာမ်) ခန္ဓာငါးပါး အပေါ်


"ဤကိုယ်ကြီးက ရုပ်အစု ရူပက္ခန္ဓာ
နာတာကျင်တာနဲ့ ခံစားမှုမှန်သမျှက ဝေဒနက္ခန္ဓာ
ဟိုဟာဒီဟာ မှတ်သားမှုတွေက သညက္ခန္ဓာ
ပြုပြင်စေ့ဆော်မှုတွေက သင်္ခါရက္ခန္ဓာ
သိတဲ့စိတ်ဟာ ဝိညာဏက္ခန္ဓာ ... ဒီဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဆိုတဲ့
တရားတွေဟာ ဒီကိုယ်ထဲမှာရှိနေကြတယ် ...

ဖောက်ပြန်ပြောင်းလဲ ဖြစ်ပျက်နေကြတာပဲ" လို့
ယူဆနားလည်ထားပြီး အဖြစ်အပျက်ကို ရှုမှတ်လေ့ကျင့်နေပါသလား ?
မိမိရဲ့ယူဆနားလည်ထားမှု ကိုကော မှန်တယ်ထင်ပါသလား?

ဘုရားရှင်ရဲ့ အဆုံးအမဖြစ်တဲ့ သက္ကာယဒိဋ္ဌိ (၂၀)အကြောင်းကို သေချာစွာလေ့လာပြီး ပြင်သင့်တာတွေ ကိုပြင်ကြစေချင်ပါတယ်။

## သက္ကာယဒိဋ္ဌိ နှစ်ဆယ်အကြောင်း

ဘုရားရှင်ကိုယ်တော်မြတ်ကြီးက စောင်းအိမ်နဲ့စောင်းသံ ဥပမာပေးပြီး ဟောကြားတော်မူခဲ့ပါတယ်။




"စောင်းကြိုးကို တီးခတ်ခိုက်၌ စောင်းသံပေါ်၍ ပျောက်သကဲ့သို့ အာရုံနဲ့ဒွါရ တိုက်ချိန်၌သာ ခန္ဓာငါးပါး ပေါ်၍ ပျောက်၏"

၁။ (က) စောင်းသံဟာ စောင်းအိမ်ထဲမှာ မရှိပါဘူး

(ခ) စောင်းသံထဲမှာလည်း စောင်းအိမ်မရှိနိုင်ပါဘူး။

(ဂ) စောင်းအိမ်ဟာ စောင်းသံမဟုတ်သလို

(ဃ) စောင်းသံကလည်း စောင်းအိမ်မဟုတ်ပါဘူး

အမြင်မှားကတော့ -

(က) စောင်းအိမ်ထဲမှာ စောင်းသံ

(ခ) စောင်းသံထဲမှာ စောင်းအိမ်

(ဂ) စောင်းအိမ် ကို စောင်းသံ

(ဃ) စောင်းသံ ကို စောင်းအိမ် ...ရယ်လို့ လေးချက် ရှိပါတယ်တဲ့။

၂။ ဒီဥပမာအတူ စောင်းအိမ် = မျက်မြင်အထည်ခန္ဓာ(အမေအဖေကမွေးတဲ့ခန္ဓာ)

စောင်းသံ = ဉာဏ်မြင်သဘောခန္ဓာ(အာရုံနဲ့ဒွါရကမွေးတဲ့ခန္ဓာ)

(ပုံတွင်ကြည့်ပါ)

(က) ဤအထည်ခန္ဓာထဲမှာ ဉာဏ်မြင်သဘောခန္ဓာ မရှိနိုင်ပါဘူး

(ခ) ဉာဏ်မြင်သဘော ခန္ဓာထဲမှာလည်း ဤအထည်ခန္ဓာမရှိနိုင်ပါဘူး

(ဂ) ဤအထည်ခန္ဓာသည် ဉာဏ်မြင်သဘောခန္ဓာမဟုတ်သလို

(ဃ) ဉာဏ်မြင်သဘောခန္ဓာကလည်း ဤအထည်ခန္ဓာမဟုတ်ပါဘူး - - - တဲ့ တရားကျင့်တဲ့အခါ ဖယ်ရမည့်အမြင်များကတော့

(က) ဤကိုယ်ထည်ခန္ဓာကြီးထဲမှာ - ရုပ်ကလာပ်အမှုန်အမွှားတွေ ဖြစ်ပျက်ဖောက်ပြန်နေကြတယ်၊ ဝေဒနာဖောက်ပြန်နေကြတယ်၊ သညာ၊ သင်္ခါရ သဘောတွေနဲ့ဝိညာဏ်ဆိုတဲ့စိတ်တွေ ဖြစ်ပျက်နေကြတယ်လို့ ထင်မြင်ယူဆပြီး ရှုမှတ်နေရင် မှားနေပါတယ်။

(စောင်းအိမ်ထဲမှာ စောင်းသံရှိတယ်ထင်ရင် မှားနေသလိုပါပဲ)

(ခ) ဤ (အမေအဖေမွေးတဲ့ခန္ဓာ) ဖြစ်တဲ့ကိုယ်ထည်ကြီးကို ရုပ်၊ဝေဒနာ ၊သညာ၊ သင်္ခါရ၊ ဝိညာဏ်ဆိုတဲ့ရုပ် + နာမ် (ခန္ဓာငါးပါး) အတုံးကြီး၊ ဝေဒနာ တုံးကြီးဘဲလို့ ထင်မြင်ယူဆပြီး ဖြစ်ပျက်ရှုမှတ်နေရင်လဲ မှားနေပါတယ်။

(စောင်းအိမ်ကို စောင်းသံလို့အထင်မှားနေသလိုပါဘဲ)

(ဂ) ရုပ် - နာမ် - ခန္ဓာငါးပါး၊(ရုပ်၊ဝေဒနာ၊သညာ၊သင်္ခါရ + ဝိညာဏ် )ဆိုတဲ့ တရားဟာ ဤကိုယ်ထည်ကြီးဘဲလို့ ထင်မြင်ယူဆနေပြီး အဖြစ်အပျက် ရှုမှတ်နေရင်လဲ မှားနေပါတယ်လို့ သဘောပေါက်တော်မူကြပါ။

(စောင်းသံကို စောင်းအိမ်လို့ အထင်မှားနေသလိုပါပဲ)

ဤဆိုခဲ့တဲ့နည်း အတိုင်း အထင်၊ အမြင်၊ အယူ၊ အမှတ် မှားနေရင် "သီသဘောသက်သက်" မျှဖြစ်တဲ့ခန္ဓာငါးပါး အပေါ် အမှားလေးချက် ဝင်နေတယ်လို့ဆိုပါတယ်။

ရုပ် - အပေါ်လေးချက်
ဝေဒနာ - အပေါ်လေးချက်
သညာ - အပေါ်လေးချက်
သင်္ခါရ - အပေါ်လေးချက်
ဝိညာဏ် - အပေါ်လေးချက်

၅ × ၄ = ၂၀

ဤ (၂၀)ကို သက္ကာယဒိဋ္ဌိ နစ်ဆယ်လို့ ဗုဒ္ဓ၏အဆုံးအမမှာ အတိအလင်း မိန့်ကြားဆုံးမ တော်မူထားပါတယ်။

ဒီ သက္ကာယဒိဋ္ဌိ (၂၀)ကို ရှင်းအောင် လင်းအောင်ကတော့ ယောဂီရဲ့အလုပ် မဟုတ်ပါဘူး၊ ဆရာသမားရဲ့အလုပ်သာဖြစ်ပါတယ်။

ဘုရားရှင်ရဲ့ အဆုံးအမကို နည်းခံပြီးတဆင့် မှန်မှန်ကန်ကန် သင်ကြားပေး တတ်တဲ့ ဆရာသမားကောင်းထံ နည်းခံနာယူ သင်ကြားမှသာ ရှင်းကြလင်းကြမှာ ဖြစ်ပါတယ်။


ပြဆိုခဲ့တဲ့ သက္ကာယဒိဋ္ဌိ (၂၀) အခဏ်းကို လေ့လာကြည့်ရင် အချုပ်အားဖြင့် (၁) ရုပ်တခြား ၊ နာမ်တခြားထင်နေခြင်း၊ (၂) မသိတာရုပ် ၊ သိတာနာမ် နာမ်ကခိုင်းလို့ ရုပ်ကိုယ်ကြီးက လုပ်နေရတယ်ဆိုတဲ့ ထင်မြင်ယူဆမှု၊ (၃) ရုပ် + နာမ် (ခန္ဓာငါးပါး)နှင့် ကိုယ်ထည်ခန္ဓာကြီး ရောရောထွေးထွေး သိမြင်နေခြင်း . . . အားလုံးသည် ပြင်ရမည့် အမှား ပါပဲလို့ နားလည်တော်မူကြပါကုန်။

သက္ကာယဒိဋ္ဌိဖြစ်ပေါ်ရာနေရာနှင့်ဖြစ်ပေါ်ချိန်

သမ္မာဒိဋ္ဌိဆိုတဲ့ မဂ္ဂင်ရှစ်ပါးရဲ့ ခေါင်းဆောင်၊ အမြင်မှန်ပညာ(သို့)ဉာဏ်နဲ့ သတ္တဝါ သူ ငါ အထင်အမြင်မှားမှု(အဝိဇ္ဇာ) မောဟ အုပ်စုတို့ဟာ ဘယ်အချိန် ဘယ်နေရာ ပေါ်ခွင့် ရကြတယ်ဆိုတာက အထူးသိရမည့် အချက်ပါဘဲ။

"မသိလျှင်တော့ ဝိပဿနာလမ်းကြောင်းပေါ် မရောက်သေးဘူး ဆိုတာ ငြင်းစရာ မရှိပါဘူး"

ဤပုံစံ . . . ကို သေချာစွာ ကြည့်ရှုလေ့လာစေချင်ပါသည်။




(က) အဆင့်

(၁)မြင်သိစိတ် ခန္ဓာငါးပါးဖြစ်ခိုက် - အဆင်းအာရုံသိသဘောသက်သက်တွင် ပညာ / မောဟ ယှဉ်သောစိတ် မပေါ်နိုင်။ (၂)ကြားသိစိတ် ခန္ဓာငါးပါးဖြစ်ခိုက် - အသံ အာရုံ သိသဘောသက်သက်တွင်လည်း ပညာ/ မောဟ ယှဉ်သော စိတ် မပေါ်နိုင်။ (၃)နံသိ စိတ်ခန္ဓာငါးပါး ဖြစ်ခိုက် - အနံ့အာရုံ သိသဘော သက်သက်တွင် ပညာ/မောဟ ယှဉ်သော စိတ် မပေါ်နိုင်။ (၄) စားသိစိတ် ခန္ဓာငါးပါးဖြစ်ခိုက် - အရသာအာရုံ သိသဘော သက်သက်တွင် ပညာ/မောဟ ယှဉ်သော စိတ် မပေါ်နိုင်။ (၅)ထိသိစိတ် ခန္ဓာငါးပါးဖြစ်ခိုက် - အတွေ့အထိဓါတ် အာရုံသိသဘော သက်သက်တွင် ပညာ / မောဟ ယှဉ်သောစိတ်မပေါ်နိုင်။

(ခ)အဆင့်တွင် ... ရှေ့ပဋ္ဌဝိညာဏ်ခေါ် ငါးဒွါရ၌ အာရုံသိသဘော ခန္ဓာငါးပါးပေါ်ပြီးတိုင်း အာရမ္မဏ ပဋ္ဌာန်း၊အနန္တရပဋ္ဌာန်း စသည့် သတ္တိတို့ဖြင့် ဘဝင်အကြည်ပေါ်တွင် ကြံ့သိစိတ်ခန္ဓာငါးပါး ဖြစ်ခွင့်ရသည့်အဖြစ်ရှိကြောင်းဘုရားရှင်ဟောတော်မူခဲ့ပါတယ်။ ဤ ကြံ့သိစိတ်ခန္ဓာငါးပါး ဖြစ်ခွင့်ရသည့်အဖြစ်ရှိကြောင်း ဘုရားရှင် ဟောတော်မူခဲ့ပါတယ်။ ဤ ကြံ့သိစိတ်ခန္ဓာငါးပါးဖြစ်ခိုက် ဓမ္မာရုံလို့ ခေါ်သော "ပုံသဏ္ဌာန်အမူအယာ အရိပ်" သိသောသဘော သက်သက်တွင်လည်း ပညာ/မောဟ ယှဉ်သောစိတ်ပေါ်ခွင့် မရသေး။ တနည်းဆိုရသော် ရှုမှတ်တဲ့ ဝိပဿနာ မဂ်ဉာဏ်နှင့် မောဟအုပ်စု ဒိဋ္ဌိ ယှဉ်သော မိစ္ဆာ သက်ပွ မပေါ်နိုင်သေးဘူးလို့ ဘုရားဟောကျမ်းစာ များအရ နားလည် ထားသင့်ကြပါတယ်။

(ဂ)အဆင့်တွင် . . . ရှေ့ဖြစ်ရိုးဖြစ်စဉ် စိတ် အစဉ်(၂)ခု (သို့) နှစ်စု ဖြစ်ချုပ်ပြီး ထိုဖြစ်ချုပ်ပြီးကို ထပ်မံအာရုံ ယူ၍ ကြံစည်သော ကြံ့သိစိတ်ခန္ဓာငါးပါးဖြစ်ချိန်တွင် - ဆွဲကိုင်ထားသော အာရုံကို ဆုံးဖြတ်ချက်ချခြင်း (ဝုဋ္ဌော)ဆိုတာ ရှိပါတယ်တဲ့။

ထိုဆုံးဖြတ်ချက်တွင် စိတ်၌ မောဟ (အဝိဇ္ဇာ) ခါတ်ယှဉ်နေပါက - ပြဆိုခဲ့သော "သက္ကာယဒိဋ္ဌိ" အသိအမြင် အမှားဖြင့် ဆုံးဖြတ်ပါတယ်တဲ့။ ရှေ့ကဖြစ်ပြီး ပျက်သွားတဲ့ ခန္ဓာငါးပါး(ရုပ် + နာမ်) အစု (က)နှင့် (ခ) နှစ်စု တွင်(ခ)ကြံ့သိစိတ်၌ "ပုံသဏ္ဌာန် အရိပ်အမူအယာသိ"ကို ဘုရားရှင်၏ အဆုံးအမအတိုင်း မသိ မမြင်ဘဲ "အထည်သတ္တဝါ၊ ငါ့ခေါင်း၊ ငါ့ကိုယ်၊ ငါ့လက်၊ငါ့ခြေ၊ သူ၊ပတ်ဝန်းကျင် အထည်" [redacted] သက်ရှိသတ္တဝါကဲ့သို့ အမြင်မှားကြံစည်ဆုံးဖြတ်ပါတယ်တဲ့။ ခံစားမှုတွေကို လည်း "(က)အဆင့်သိသဘော" ခန္ဓာငါးပါးရယ်လို့ အမှန်မသိသက်ရှိ ဤကိုယ်ထဲက ခံစားမှုတွေ၊ ပူမှု အေးမှု လှုပ်မှုတွေလို့ဘဲ ထပ်ဆင့် အမှားကြံစည်ပါတယ်တဲ့။ ဇောစိတ်တို့ကလည်း အမြင်မှားအသိမှားနဲ့ ယှဉ်သော(ကိလေသာဇော) စိတ်တို့သာ ဖြစ်ကြပါတယ်တဲ့။

ထို "သိသဘောသက်သက်" (ရုပ် + နာမ်) ခန္ဓာငါးပါး သဘောဟာ ရုပ်ပေါင်းစု လောင်ခိုက် လျှင်စွာ ဖြစ်ပေါ်ပြီး လျင်စွာပင်ချုပ်ပျောက်ကြပါတယ်လို့ မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါတယ်။

(ဂ) အဖြေ

သက္ကာယ – ဆိုတာကလဲ "ထင်ရှားရှိသောသဘော"

ခန္ဓာငါးပါး – ဆိုတာကလဲ "အာရုံနဲ့ဒွါရတိုက်ချိန်မှာ ရုပ်နာမ်ပေါင်းစု လို့ ထင်ထင်ရှားရှား ဖြစ်ပေါ်လာတဲ့ သိသဘောသက်သက်"

(တနည်း) တကယ့် အရှိသဘောသက်သက် ဖြစ်ပါတယ်။

မြတ်စွာဘုရားရှင်လက်ထက် "ဓမ္မဒိန္န ရဟန္တာ ထေရီ" က "သက္ကာယ ဆိုတာ စွဲလန်းဖွယ် ဖြစ်တဲ့ ခန္ဓာငါးပါးကို ခေါ်ဆိုတာပါပဲ" လို့ ဝိသာခ သူဌေးကို ဖြေဆိုခဲ့ပါတယ်။ ဒီအဖြေကို မြတ်စွာဘုရားရှင် ကိုယ်တော်တိုင်ကလည်း ဝိသာခ သူဌေးအား ထပ်မံပြီး တစ်ထပ်တည်း ဖြေကြားပေးတော်မူခဲ့ပါတယ်။

ဒါကြောင့် တရားယောဂီတို့အနေဖြင့် သက္ကာယ နှင့် ခန္ဓာငါးပါးဟာ "တကယ် ထင်ရှားရှိသော သဘောသက်သက်" အရှုခံတရားလို့ မှတ်တော်မူကြပါ။

ခန္ဓာငါးပါးသည်ပင် သက္ကာယ၊ သက္ကာယသည်ပင် ခန္ဓာငါးပါး အရှုခံတရား အဖြစ်တစ်ခုတည်းဖြစ်ကြောင်း နားလည်သဘောပေါက်တော်မူကြပါကုန်။

ဤကျမ်းစာပေကို တရားယောဂီတို့အနေဖြင့်လေ့လာမှတ်သားရာတွင်

(က) သဘောပေါက်အောင် အထပ်ထပ်လေ့လာပါ။

(ခ) ဆိတ်ငြိမ်ရာမှာ လေ့လာပါ။

(ဂ) ဝါဒဆွဲများကို ခေတ္တဘေးဖယ်၍ အမှန်တရား သိရေးကိုသာ ရှေးရှုလေ့လာပါ။

ဤကျမ်းစာတွင်... သက္ကာယဒိဋ္ဌိ (၂၀) ရှိပုံကိုသာ အဓိက ရေးသားထားပါသည်။

အာရုံနဲ့ဒွါရ တိုက်ပုံ ရုပ် , နာမ် ပေါင်းစပ်၍ ခန္ဓာ ငါးပါးဖြစ်ပေါ်ပုံ အသေးစိတ်သဘော များကိုတော့...တရားစခန်းဝင်၍ နာယူမှတ်သားနိုင်ကြပါတယ်။

မဝင်နိုင်သူများအတွက် နောက်ထွက်မည့်

"ဘဝဆိုသည်မှာ" အမည်နှင့် ရေးသားထုတ်

ဝေမည့် ကျမ်းစာကို စောင့်မျှော် ဖတ်ရှုနိုင်ပါသည်။


မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို လွယ်ကူစွာ ရနိုင်ကြပါစေ။

**အရှင်ဧဝေသျပဏ္ဍိတ**

**ပဓာန နာယက ဆရာတော်**

ရန်ကုန်တိုင်း ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်

အမှတ် (၁၆) ရပ်ကွက်၊ မိုးညှင်းသိဂီကျောင်းတိုက်



အရှင်ဧယျပဏ္ဍိတ
(ပိုင်းလော့ဆရာတော်)
အချိန်တိုင်းတွေးနေရင်း ဘဝပြောင်းနေသည်